
B&B Translation
ငပျင်းတရေးသူကြီးနှင့်
နေ့စဉ်အလွဲများ
(စာစဉ်-၁၈)

# အခန်း (၁၇၁)
# အဆင့်သတ်မှတ်ခံရသူများအတွက် အသက်ရှင်ရပ်တည်ရေး အန္တရာယ်များနှင့် အခွင့်အလမ်းများ

*

"အဖွဲ့အစည်းက လူတွေအားလုံး ဒီလောက်တောင် စွမ်းကြတာလား..."

ယန်ချင်းနှင့် ကျိုးမောင်နှမတို့ ပျောက်ကွယ်သွားသောနေရာကို မိန်းမောတွေဝေစွာ ငေးကြည့်ရင်း မုယုံယန်က မေးလိုက်သည်။

ဖြစ်ပျက်သွားသမျှ အရာအားလုံးသည် အိပ်မက်တစ်ခုကဲ့သို့ ဖြစ်နေပြီး ဘဝတွင် အကြောက်လန့်ဆုံး အချိန်လည်း ဖြစ်ခဲ့သည်။

ယနေ့အတွေ့အကြုံက ရင်ထဲတွင် အချိန်အတော်ကြာ စွဲထင်နေတော့မည်ဟု ခံစားလိုက်ရသည်။

"သူတို့က တောင်ပိုင်းတိုက်ကြီးရဲ့ လင်းယုန်တွေလို့ နာမည်ကြီးတာဆိုတော့ ဒါကသဘာဝပါပဲ..."

"တိုက်ကြီးတစ်ခုလုံးက ကြောက်ရွံ့လေးစားရလောက်အောင် အဆင့်အတန်းတစ်ခုရှိဖို့ဆိုရင် သာမန်လူတွေထက် သာလွန်တဲ့စွမ်းဆောင်ရည်တွေ ရှိဖို့ လိုအပ်တာပေါ့..."

"မျိုးနွယ်စုမှတ်တမ်းတွေထဲမှာ အဖွဲ့အစည်းက လူတွေအကြောင်း ရေးသားထားတာ ရှိပေမဲ့ တကယ့်လက်တွေ့နဲ့တော့ တခြားစီပဲ..."

"သူ့ရဲ့အကြည့်အောက်မှာ ကိုယ့်ကိုယ်ကိုယ် ပုရွက်ဆိတ်လေးတစ်ကောင်လိုပဲ ခံစားလိုက်ရတယ်..." မုရုံကျဲက ခါးသီးသောအပြုံးဖြင့်

ရယ်မောရင်း ပြောလိုက်သည်။

ဝတ်ရုံထဲတွင် ဖုံးကွယ်ထားသော သူ၏ လက်တစ်ဖက်မှာ တုန်ယင်နေဆဲဖြစ်ပြီး လက်သီးကို ခပ်တင်းတင်း ဆုပ်ထားရသည်။

"ယန်လေး... မင်းက ငါတို့ မုရုံမျိုးနွယ်စုရဲ့ နှစ်ပေါင်း ၅ဂဂ နီးပါးအတွင်းမှာ အကောင်းဆုံး ပါရမီရှင်တွေထဲက တစ်ယောက်ပဲ..."

"ဒီမှာတော့ မင်းရဲ့ပါရမီက မျိုးနွယ်စုဝင်တွေဆီက ရိုသေလေးစားမှုကို ရဖို့ ထိုက်တန်ပေမဲ့၊ အပြင်လောကမှာတော့ တခြားစီပဲ..."

"ငါတို့ ဘယ်တော့မှ မိနိုင်မှာမဟုတ်တဲ့ ရောမကျောက်တောင်ကြီးဖြစ်တဲ့ အဖွဲ့အစည်းနဲ့ သွားမယှဉ်ရင်တောင်... ဒီ အစိမ်းရောင်ထင်းရှူးခရိုင်ထဲမှာတင် ငါတို့က ပြောပလောက်တဲ့ အဆင့်မှာ မရှိသေးဘူး..."

"ငါတို့ထက်ပိုပြီး ပိုအင်အားကြီးတဲ့ အဆင့် ၅

အဖွဲ့အစည်းတွေတင် ဆယ်ဂဏန်းကျော်လောက် ရှိနေပြီ..."

"ငါတို့ မိသားစုမှာ အခြေတည်အဆင့်ကျင့်ကြံသူဆိုလို့ တစ်ယောက်ပဲ ရှိပေမဲ့၊ ရှန်မျိုးနွယ်စု၊ လျိုမျိုးနွယ်စု၊ ဖန်မျိုးနွယ်စုနဲ့ မိုးကြိုးထိပ်သီးဂိုဏ်းတို့လို နေရာမျိုးတွေမှာ အယောက် ၂၀ လောက်ရှိတယ်"

"ပြီးတော့ ထင်မှတ်မထားတာတွေ ဖြစ်မလာဘူးဆိုရင် အဲဒီအရေအတွက်က ဆက်ပြီးတိုးလာနိုင်သေးတယ်..."

"သူတို့အထက်မှာဆိုရင် အမြုတေဖွဲ့စည်းခြင်းအဆင့် ကျွမ်းကျင်သူတွေရှိတဲ့ မှူးမတ်မျိုးနွယ်စုဆိုတာ ရှိသေးတယ်..."

"ဒါတောင် မေပယ်နီအင်ပါယာရဲ့ အင်အားကြီးခရိုင်တွေထဲက ထိပ်တန်းငါးခုစာရင်းမှာတောင် မပါတဲ့ အစိမ်းရောင်ထင်းရှူးခရိုင်တစ်ခုတည်းပဲ

ရှိသေးတာနော်..."

"အခုလိုပြောပြရတဲ့ အကြောင်းရင်းက ယန်လေး မင်းကို ပိုကျယ်ဝန်းတဲ့ ကမ္ဘာကြီးကို မြင်စေချင်လို့ပဲ..."

"မင်းရဲ့ အမြင်တွေကို မုရုံမျိုးနွယ်စုထဲမှာပဲ ချုပ်နှောင်မထားပါနဲ့၊ မဟုတ်ရင် အလွယ်တကူ ဘဝင်မြင့်ပြီး မောက်မာသွားတတ်တယ်..."

"မုရုံမျိုးဆက်ပေါင်းရာနဲ့ချီတဲ့ ဆန္ဒတွေကို မင်း ဖြည့်ဆည်းပေးခဲ့ပြီးပြီဆိုတော့ ငါအများကြီး ထပ်ပြီး မတောင်းဆိုတော့ပါဘူး..."

"ဒါပေမဲ့ မင်းရဲ့ အဘိုးတစ်ယောက်အနေနဲ့ ငါ တောင်းဆိုချင်တာတစ်ခုက မင်းလုပ်နိုင်သမျှ အကောင်းဆုံးလုပ်ပါ..."

"မင်း အထက်ကိုတက်လှမ်းနိုင်လေလေ၊ ကမ္ဘာကြီးက တစ်ကြိမ်ထက်တစ်ကြိမ် ပိုပြီး ခြားနားလာလေလေပဲ..." မုရုံယန်ကို လေးနက်သော

အကြည့်ဖြင့် ကြည့်ရင်း မုရုံကျဲက ပြောလိုက်သည်။

"ကြိုးစားပါ့မယ်..." မုရုံယန်က ပြန်ဖြေလိုက်သည်။

"ကောင်းတယ်... အခု ငါတို့ အဖွဲ့အစည်းကို သွားဖို့ ခွဲတမ်းတစ်ခု ရပြီဆိုတော့ မင်းသွားရလိမ့်မယ်..."

"အဲဒီကိုရောက်ရင် ရလာတဲ့အခွင့်အရေးကိုမှန်သမျှကို အကောင်းဆုံးအသုံးချဖို့ သချောဂရုစိုက်ပါ..."

"အတတ်နိုင်ဆုံး အများကြီးသင်ယူခဲ့... အဲဒီကို ပျော်ပါးဖို့နဲ့ ရှုးကြောင်ကြောင်လုပ်ဖို့လောက်ပဲ သွားပြီး သုံးနှစ်တောင်မပြည့်ခင် အထုတ်ခံလိုက်ရတဲ့ စုန့်မျိုးနွယ်စုက ကလေးလိုတော့ မဖြစ်စေနဲ့ပေါ့..."

"အဲဒီ သုံးနှစ်က မင်းရဲ့ကံကြမ္မာကို ပြောင်းလဲ

ပေးနိုင်တဲ့ အခွင့်အရေးပဲ... စွမ်းဆောင်ရည် ကောင်းတဲ့ သူတွေအတွက် ဆုလာဘ်တွေ တောင် ရှိတယ်လို့ ကြားတယ်..."

ထိုကလေး ပြန်ရောက်လာချိန်တွင် စုန့်မျိုးနွယ် စုခေါင်းဆောင် မည်မျှဒေါသထွက်ခဲ့ကြောင်းကို သတိရသွားရင်း မုရုံကျဲက ရယ်မောကာ ပြော လိုက်သည်။

စုန့်မျိုးနွယ်စုခေါင်းဆောင်က ထိုကလေးကို သူ တို့ ပိုင်နက်ဘေးရှိ တောင်တန်းများ တစ်ဝိုက် တွင် ကြာပွတ်ဖြင့် တစ်လနီးပါးခန့် လိုက်ရိုက်ခဲ့ သည်။

ထိုတောင်တန်းများကို နောက်ပိုင်းတွင် စုန့် ကလေး၏ ငိုသံများကြောင့် ငိုကြွေးခြင်း တောင်တန်းဟုပင် နာမည်ပြောင်ပေးခဲ့ကြ သည်။

"ဒါပေမဲ့ အဘိုး... သမီးရဲ့ ပါရမီနဲ့ တကယ်ပဲ

ပေါ်လွင်အောင် လုပ်နိုင်ပါ့မလား... ဒါကအဖွဲ့အစည်းလေ"

"အဲဒီက လူတွေအားလုံးက စောစောက ဒီရောက်လာတဲ့ တရားသူကြီးလို ပါရမီမျိုးတွေချည်းပဲ ဆိုရင်... သူတို့နဲ့ ယှဉ်ပြိုင်ရတာက ကိုယ့်ကိုယ်ကိုယ် အရှက်ခွဲသလို ဖြစ်မနေဘူးလား..." မုရုံယန်က စိုးရိမ်ပူပန်မှု အပြည့်ဖြင့် မေးလိုက်သည်။

"မိုက်မဲလိုက်တဲ့ ကောင်မလေးရယ်... မင်းကို သူတို့နဲ့ သွားပြိုင်ခိုင်းနေတာ မဟုတ်ပါဘူး၊ ငါ အသက်ကြီးလာပြီဆိုပေမဲ့ အဲဒီလောက်တော့ အသိမမဲ့သေးပါဘူး..." မုရုံကျဲက ညင်သာသော အပြုံးဖြင့် ပြုံးရင်းပြောလိုက်သည်။

"အဖွဲ့အစည်းမှာ လေ့ကျင့်နေတဲ့ အချိန်အတွင်း မင်းကို မင်းနဲ့ အဆင့်တူတဲ့ သူတွေနဲ့ပဲ နှိုင်းယှဉ်အကဲဖြတ်မှာပါ..."

"စုန့်မျိုးနွယ်စုခေါင်းဆောင် ပြောပြချက်အရဆို ရင်... အဆင့် ၅ အဖွဲ့အစည်းတွေက လာတဲ့သူ တွေကို အဖွဲ့အစည်းက ကျောင်းသားတွေ ဒါမှ မဟုတ် ပိုမြင့်တဲ့အဖွဲ့အစည်းတွေကနေ လာတဲ့ တခြားခွဲတမ်းရ ကျောင်းသားတွေနဲ့ သီးခြားခွဲ ပြီး အတူတူလေ့ကျင့်ပေးမှာတဲ့"

" သူတို့နဲ့ အတူတူတက်ရမယ့် အတန်းတချို့ရှိ ပေမဲ့ အဲဒါက သမိုင်းလိုမျိုး စာတွေ့အတန်းတွေ လောက်ပဲ..."

"ဒါပေမဲ့ ကျင့်စဉ်တွေလိုမျိုး လက်တွေ့ လေ့ကျင့်ခန်းတွေနဲ့... အစီအရင်တွေ၊ ဆေးပညာ နဲ့ တခြားလက်တွေ့ ဘာသာရပ်တွေမှာတော့ မင်းက တခြားအဆင့် ၅ အဖွဲ့ဝင်တွေနဲ့ အတူတူ လေ့ကျင့်ရမှာပါ..."

"မင်းရဲ့စွမ်းဆောင်ရည် အကဲဖြတ်မှုက သူတို့နဲ့ ယှဉ်ရင် မင်းဘယ်လောက် ကောင်းကောင်း

စွမ်းဆောင်နိုင်လဲ ဆိုတဲ့အပေါ်မှာ မူတည်လိမ့်မယ်..."

"မင်းရဲ့ စွမ်းဆောင်ရည်က ပိုကောင်းလေလေ ဆုလာဘ်တွေက ပိုကောင်းလေလေပဲ၊ ဥပမာ - မင်းကို ဆေးလုံးတွေ၊ ရတနာတွေလိုမျိုး ကျင့်ကြံခြင်းအရင်းအမြစ်တွေအပြင်... ကျင့်စဉ်အသီးသီးအတွက် ကိုယ်ပိုင်လမ်းညွှန်မှုတွေနဲ့ပါ ဆုချနိုင်တယ်..."

"ဒါတွေက အခြေခံဆုလာဘ်တွေပဲ ရှိသေးတယ်လို့ သူက ငါ့ကို ပြောတယ်..."

"မင်းရဲ့ စွမ်းဆောင်ရည်က ထူးချွန်နေမယ်ဆိုရင် မင်းရဲ့ မဏ္ဍိုင်အဆင့်ကို မြှင့်တင်ပေးပြီး မင်းရဲ့အခြေခံအုတ်မြစ်ကို ပြန်လည်တည်ဆောက်ပေးမယ့် အခွင့်အရေးတစ်ခုကိုတောင် ရနိုင်တယ်..."

"ဒီကနေ ခရိုင်အနည်းငယ် အကွာမှာရှိတဲ့ ရွှံ့နီ

ခရိုင်မှာ နှင်းပုလဲဂိုဏ်းလို့ခေါ်တဲ့ ထင်ရှားတဲ့ ဂိုဏ်းတစ်ခု ရှိတယ်..."

"အခုတော့အဲဒါက အဆင့် ၄ ဂိုဏ်း ဖြစ်နေပါပြီ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းကတော့ အဲဒါက အဆင့် ၅ ဂိုဏ်းငယ်လေးတစ်ခုပဲ ရှိသေးတာ..."

"ဒါပေမဲ့ သူတို့ရဲ့ လက်ရှိဂိုဏ်းချုပ်က အဖွဲ့အစည်းကို သွားဖို့ ခွဲတမ်းရခဲ့ချိန်မှာ အဲဒါတွေ အားလုံးပြောင်းလဲသွားခဲ့တယ်..."

"အဲဒီ သုံးနှစ်တာကာလအတွင်း သူမက သူမရဲ့ အရည်အချင်းကို ထုတ်ပြနိုင်ခဲ့ပြီး၊ အဲဒီ သုံးနှစ်အတွင်းမှာပဲ ခန္ဓာကိုယ်ကို သန့်စင်ပြီးကြွခိုင်အောင် လုပ်နိုင်ခဲ့တယ်..."

"ဝင်သွားတုန်းက အခြေတည်အဆင့်ရဲ့ ဒုတိယအဆင့်မှာ ရှိသေးတယ်လို့ ကြားတယ်၊ ဒါပေမဲ့ ပြန်ထွက်လာတော့ ဆဋ္ဌမအဆင့် ရောက်နေပြီ

တဲ့..."

"ပြန်ရောက်ရောက်ချင်းပဲ တံခါးပိတ် ကျင့်ကြံခဲ့ပြီးတော့ ၁၇ နှစ်အကြာမှာ အမြုတေဖွဲ့စည်းခြင်းအဆင့်ကို အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့တယ်..."

"အဲဒီ အမြန်နှုန်းက မှုးမတ်မျိုးနွယ်စုတွေနဲ့ သိမ်းသွင်းချင်နေတဲ့ တော်ဝင်မင်းသားတချို့လို မျိုး မေပယ်နီအင်ပါယာက အင်အားကြီးပုဂ္ဂိုလ်တချို့ရဲ့ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်ခဲ့တယ်..."

"သူတို့ကို ငြင်းပယ်ခဲ့ပေမဲ့ ဘာမှ အကြီးအကျယ်ဒုက္ခမပေးခဲ့ကြဘူး၊ ဘာလို့ အဲဒီလို ဖြစ်ရတာလဲ မင်းသိလား..." မုရုံကျဲက မေးလိုက်သည်။

မုရုံယန်က မသိကြောင်းပြသရန် ခေါင်းခါပြလိုက်သည်။

"အဖွဲ့အစည်းဆီက ရခဲ့တဲ့ အထူးဆုလာဘ်က

ပြန်လည်မွေးဖွားခြင်း အခွင့်အရေးတစ်ခု ဖြစ်သလို၊ ကြိုးစားအားထုတ်မှုတွေအတွက် အဖွဲ့အစည်းရဲ့ အသိအမှတ်ပြုမှု တစ်ခုလည်း ဖြစ်တယ်..."

"အဖွဲ့အစည်းက သတိထားမိလောက်အောင် ပေါ်လွင်ခဲ့တဲ့အတွက် အဲဒါက ကာကွယ်ရေးတစ်ခုလိုမျိုး အကာအကွယ်က နှစ်ဆဖြစ်သွားတယ်..."

"တခြားအင်အားစုတွေက တစ်ခုခုမလုပ်ခင် အဲဒါကို ထည့်သွင်း စဉ်းစားရတော့တာပေါ့... ငါဆိုလိုချင်တာကို မင်း နားလည်လား..." မုရုံကျဲက မျက်လုံးများကို ကျဉ်းမြောင်းကာ မေးလိုက်သည်။

"နားလည်ပါပြီ..." ရင်ထဲတွင် တိုက်ပွဲဝင်လိုစိတ်များ လောင်ကျွမ်းလာသော မုရုံယန်က ပြန်ဖြေလိုက်သည်။

***